# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 10 , 2026 Volume 100 , Number 6


၁၀. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၆.၅၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၀.၄၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၃၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၁.၂၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၄၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၉၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၃၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြောင်းပို့ကုန်များအား မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေး




ထိုင်းနိုင်ငံကိုတင်ပို့မဲ့ ပြောင်းတွေအတွက် မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ကို မတ်လ ၃ ရက်က စတင်ပြီး စိစစ်ခွင့်ပြုထုတ်ပေးနေတယ်လို့ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ-ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကနေ သိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ထိုင်းနိုင်ငံကို ပြောင်းတင်ပို့မဲ့ လုပ်ငန်းရှင်တွေလွယ်ကူချောမွေ့စွာတင်ပို့နိုင်ဖို့ရည်ရွယ်ပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရချင်း အသိအမှတ်ပြုမဲ့ မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်ထုတ်ပေးရေးလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာ အစိုးရ- ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံက မီးရှို့တဲ့စိုက်ခင်းတွေကထွက်ရှိတဲ့ ပြောင်းတွေကို ဝယ်ယူမှာမဟုတ်ဘဲ မီးခိုးမြူ ကင်းစင်ကြောင်း ထောက်ခံချက်ပါမှသာ ဝယ်ယူတင်ပို့ခွင့်ပြုတော့မှာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

ဒါကြောင့် ထိုင်းနိုင်ငံကိုတင်ပို့မဲ့ ပြောင်းတွေမှာ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ရရှိတာကြောင့် ပို့ကုန်လုပ်ငန်းရှင်တွေအတွက်ပိုမိုလွယ်ကူအဆင်ပြေသွားတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင် နာယက ဦးမင်းခိုင်က ပြောပါတယ်။

ထိုင်းနိုင်ငံဘက်က မြန်မာ့ပြောင်းဆန်တွေကို နှစ်စဉ် ဖေဖော်ဝါရီလကနေ ဩဂုတ်လကုန်အထိ ၇ လအတွင်း အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့်ပြုထားပြီး ထိုင်းဘက်မှာ ပြောင်းပေါ်ချိန်ဖြစ်တဲ့ စက်ဘာလကနေ ဇန်နဝါရီလကုန်အထိ ငါးလအတွင်းမှာတော့ ဝယ်ယူမှုရပ်ဆိုင်းလေ့ရှိပါတယ်။ ထိုင်းကို ပြောင်းဆန်တင်ပို့ရာမှာ ရန်ကုန်-ကော့သောင်း-ရနောင်း ၊ ရန်ကုန်-ဗန်ကောက် ပင်လယ်ရေကြောင်းလမ်းနဲ့ တာချီလတ်နယ်စပ်ကုန်သွယ်ရေး

လမ်းကြောင်းတွေကနေ တင်ပို့နေတယ်လို့ သိရပါတယ်။

မြန်မာ့ပြောင်းဆန်တွေကို ထိုင်းနဲ့ဖိလစ်ပိုင်ဈေးကွက်တွေဆီ အများဆုံးတင်ပို့နေပြီး အိန္ဒိယနိုင်ငံကတော့ နိုင်ငံတွင်း လိုအပ်ချက်ပေါ်မူတည်ကာ မြန်မာ့ပြောင်းတွေကို ဝယ်ယူတင်သွင်းနေတာ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## နှစ်စဉ် နှမ်းတန်ချိန် ၃၀၀၀ ဝန်းကျင် တင်ပို့နေရ



မကွေးမြို့ရှိ မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းကနေ ဒေသထွက်နှမ်းတွေကို အခွံချွတ်သန့်စင်ပြီး ပြည်ပနိုင်ငံတွေကို တင်ပို့နေရာမှာ နှစ်စဉ် နှမ်းတန်ချိန် ၃၀၀၀ ဝန်းကျင်အထိ ရှိနေပြီး တစ်နှစ်ကို ကျပ်သိန်းပေါင်း ၇ သောင်းကျော် ရရှိနေတယ်လို့ မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းကနေ သိရပါတယ်။

ပြည်ပကို နှမ်းတင်ပို့ရာမှာ ကုန်ကြမ်းအနေနဲ့မတင်ပို့ဘဲ ကုန်ချောထုတ်လုပ်ပြီး တင်ပို့တာကြောင့် ဈေးကောင်းရသလို အရှေ့တောင်အာရှနိုင်ငံတော်တော်များများကို တင်ပို့နေရပြီး တရုတ်၊ ထိုင်းနဲ့ စင်ကာပူတို့ကို အများဆုံး တင်ပို့ရတယ်လို့ သိရပါတယ်။

မကွေးကနေ နှမ်းတွေကို ကုန်ချောအဖြစ် ထွက်ရှိဖို့အတွက် တိုင်းဒေသကြီးအတွင်းကထွက်ရှိတဲ့ နှမ်းတွေသာမက တခြားတိုင်းဒေသကြီးတွေကထွက်ရှိတဲ့ နှမ်းတွေကို ပါဝယ်ယူပြီး အခွံချွတ်သန့်စင်ကာ အခြောက်ခံထုတ်လုပ်တာ ဖြစ်ပါတယ်။

ရရှိလာတဲ့နှမ်းကုန်ချောတွေကို ၂၀ကီလိုဂရမ်၊၂၅ ကီလိုဂရမ်၊၃၀ကီလိုဂရမ်အစရှိသဖြင့်ထုပ်ပိုးပြီး မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းရုံးခွဲ ရန်ကုန်ရုံးကနေ ပြည်ပကို တင်ပို့တာတွေ လုပ်ဆောင်နေတယ်လို့ သိရ ပါတယ်။

Source : https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၃-၃-၂၀၂၆ မှ ၆-၃-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၂၄,၀၀၀၊ မတ်ပဲ SQ/ RC (2026 Crop) ကျပ် ၃,၃၅၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၄၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၆၂,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၇၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၆၃,၀၀၀ အသီးသီးဈေး ကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၁၂၀ လုံး (တန်ချိန် ၂၈၈၀)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၇၀ လုံး (တန်ချိန် ၄၀၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၇၅ လုံး(တန်ချိန် ၁၈၀၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သောငရုတ်သီး( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၅,၈၀၀၊ မြားနီ(သစ်) ကျပ် ၁၅,၈၀၀ ၊ဆင်ဖြူကျွန်း(ပု) ကျပ် ၂၈,၀၀၀ နှင့် ဟင်္သာတ မိုးထောင် ကျပ် ၁၄,၈၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မြားနီ(သစ်) ကျပ် ၃၀၀ ဟင်္သာတ မိုးထောင် ကျပ် ၃၀၀ နှင့် ဆင်ဖြူကျွန်း(ပု) ကျပ် ၁၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၆၉၃၀ (၁၃၈,၆၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၉၀၀ (၁၃,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀၀ (၁၆၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၆၇၀ (၁၀,၀၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၀၇၀(၂၁,၄၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၂၃၀ (၃,၄၅၀ ပိဿာ) လျော့နည်းဝင်ရောက် ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၅၇၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၁၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၇၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း သကြား (ပြည်တွင်း) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၃-၃-၂၀၂၆ မှ ၆-၃-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၂၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၉၅၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၁၈၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၀၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၆၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၆၅၀၊ ဆိပ်ဖြူ လတ်သန့် ကျပ် ၆၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၅၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၁၂၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၁၀၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၁၀၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၉၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၈ စီး (၁,၀၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၁၇ စီး ( ၇၀၂,၀၀၀ ပိဿာ) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၆၁ စီး (၃၆၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၀၈၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၃၂၀၀၊ အောင်ပန်းထူး -၂ ကျပ် ၁၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၅၀၀ ၊

အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၃၄၃၅ (၁၀၃,၀၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၂၅၀ (၉၇,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၈၅ (၅,၅၅၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်း A1 ကျပ် ၂၇၀၀၊ အောင်ပန်း OK ကျပ် ၃၂၀၀၊ အောင်ပန်း S1 ကျပ် ၃၂၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၇၀၀၊ အောင်ပန်း OK ကျပ် ၉၀၀၊ အောင်ပန်း S1 ကျပ် ၉၀၀ နှင့် အောင်ပန်း S2 ကျပ် ၈၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၃၄ စီး (၂၀၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၂၇ စီး ( ၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၇ စီး ( ၄၂,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာ့စဉ့်ထည်စဉ့်အိုးများ သုံးစွဲသူရှိနေဆဲဖြစ်ပြီး အရောင်းအဝယ် ပုံမှန်ရှိနေ




မြန်မာစဉ့်ထည်စဉ့်အိုးများကို သုံးစွဲသူများရှိနေဆဲဖြစ်ပြီး အရောင်း အဝယ်လည်း ပုံမှန်ရှိနေကြောင်း နေပြည်တော်၊ ပျဉ်းမနားမြို့၊ စဉ့်အိုးဖိုရပ်ရှိ မြန်မာ့စဉ့်ထည်စဉ့်အိုးလုပ်ငန်းများ လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

"မြန်မာ့ရိုးရာ စဉ့်ထည်စဉ့်အိုးဆိုတာ ရှေးကတည်းက သုံးစွဲလာကြတာပဲ၊ ခေတ်ကတိုးတက်ပြီး လူ့အသုံးအဆောင်တွေ ပြောင်းသွားလည်း သုံးတဲ့သူကတော့ ရှိနေသေးတယ်။ဒါကြောင့် ယခုချိန်အထိ အရောင်းအဝယ်ရှိနေပါသေးတယ် " လို့ စဉ့်ထည်ပစ္စည်းထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောပါတယ်။

နေပြည်တော်၊ပျဉ်းမနားမြို့၊စဉ့်အိုးဖိုရပ်တွင် ဟိုးယခင်ကတည်းက စဉ့်ထည်ပစ္စည်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ထုတ်လုပ်ဖြန့်ချိရောင်းချသည့် လုပ်ငန်းလုပ်ကိုင်သူများရှိခဲ့ပြီး၊ ယခုအချိန်အထိလုပ်ငန်းလုပ်ကိုင်နေသူ ၇ ဦးခန့် ကျန်ရှိနေသေးကြောင်း သိရပါတယ်။

"ပျဉ်းမနား စဉ့်အိုးဖိုရပ်ဆိုတာက ရှေးဘုရင်တွေလက်ထက်ကတည်းက စဉ့်အိုးစဉ့်ထည်လုပ်ငန်းလုပ်ကိုင်အသက်မွေးကြသူတွေစုစည်းနေထိုင်လို့ စဉ့်အိုးဖိုရပ်လို့အမည်တွင်ခဲ့တာ၊ အရင်ကဒီအရပ်ထဲမှာ စဉ့်ထည်လုပ်တဲ့ဖိုထောင်စင် ၃၀ နီးပါးရှိတယ်၊ အခုတော့ ဖိုထောင်စင် ၇ ခုလောက်တော့ကျန်နေသေးတယ်"လို့ ပျဉ်းမနားမြို့မှ စဉ့်အိုးစဉ့်ထည်လုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

ယခုအခါ နေပြည်တော်၊ပျဉ်းမနားမြို့မှထွက်ရှိသော စဉ့်ထည်များအားဒေသတွင်းအပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ရောင်းချမှုများရှိနေပြီး၊ပန်းအိုးခေတ်ဆန်းလက်ရာများအား ဟိုတယ်များ၊ငွေကြေးချမ်းသာသည့် နေအိမ်ဝိုင်းခြံများ ၊ ဘုရားပုထိုးများအတွက် သီးသန့်ထုတ်လုပ်ပေးရကြောင်းလည်း သိရပါတယ်။

"စဉ့်ထည်တွေကို ရန်ကုန်၊ ပဲခူး၊ မကွေး၊ မော်လမြိုင်တို့ကိုတော့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ပေးရပါတယ်၊ အသေးစားလေးတွေက တောင်ငူ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း ၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီးစတဲ့မြို့တွေကို တင်ပို့ပေးရတယ်၊ ရံဖန်ရံခါ ရှမ်းပြည်နယ်ဘက်လည်း ပို့ပေးရတယ်"လို့ စဉ့်ထည်လုပ်ကိုင်သူတစ်ဦးကပြောပါတယ်။

**Source :** https://opinionleadersmedia.com/

## ဗီယက်နမ်နိုင်ငံ၏ ပုစွန်ကဏ္ဍတွင် ယှဉ်ပြိုင်မှု မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရ



၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်၏ ပုစွန်တင်ပို့မှု စုစုပေါင်းဝင်ငွေ၏ ၁၇ ဒသမ၂ ရာခိုင်နှုန်းသည်အမေရိကန် ဈေးကွက်ဖြစ်သည်။

အမေရိကန်၏ စွန့်ပစ်ပစ္စည်းဆန့်ကျင်ရေး အခွန်များ လျှော့ချချိန်ညှိမှုသည် ၂၀၂၆ ခုနှစ်တွင် ပို့ကုန်များအတွက် ပိုမိုအဆင်ပြေသောအခြေအနေများ ဖန်တီးပေးလိမ့်မည်ဟု မျှော်လင့်ရသော်လည်း အိန္ဒိယနှင့် အမေရိကန်အကြား ကုန်သွယ်ရေးသဘောတူညီချက် အသစ်သည် ဗီယက်နမ်ပုစွန် တင်ပို့မှုအပေါ် သိသာထင်ရှားသော ယှဉ်ပြိုင်မှုဖိအားများကို မြင့်တက်စေခဲ့သည်။

မကြာသေးမီက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဝန်ကြီးချုပ် Nanendra Modi နှင့် ဆွေးနွေးမှုများအပြီးတွင် အိန္ဒိယနှင့် ကုန်သွယ်ရေးသဘောတူညီချက်ကို တရားဝင်ဖြစ်စေရန် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်အရ အမေရိကန်သည် အိန္ဒိယကုန်စည်များအပေါ် အပြန်အလှန်အခွန်များကို ၂၅ ရာခိုင်နှုန်း မှ ၁၈ ရာခိုင်နှုန်း အထိ လျှော့ချခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လကတည်းက ပြဋ္ဌာန်းခဲ့သော ၂၅ ရာခိုင်နှုန်း ဖြည့်စွက်အခွန်ကို ဖျက်သိမ်းခဲ့သည်။

၂၀၂၅-၂၀၂၆ ကာလအတွင်း အိန္ဒိယ၏ ကုန်သွယ်မှုပြောင်းလဲမှုများသည် ဗီယက်နမ်၏ ပုစွန်လုပ်ငန်းအပေါ် မြင်သာသောဖိအားများ ပိုမိုဖန်တီးနေကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) က ပြောကြားခဲ့သည်။

ဤစိန်ခေါ်မှုများရှိနေသော်လည်း၊ ဗီယက်နမ်သည် ပြုပြင်ထားသောထုတ်ကုန်နှင့် တန်ဖိုးမြင့်ထပ်တိုးထုတ်ကုန်ကဏ္ဍများတွင် အရေးကြီးသောအားသာချက်များကို ထိန်းသိမ်းထားသည်။ ပြိုင်ဆိုင်မှုပြင်းထန်လာချိန်တွင် ဗီယက်နမ်ပုစွန် တင်ပို့သူများအတွက် အသင့်တော်ဆုံးနည်းလမ်းမှာ ပြုပြင်ထားသော ထုတ်ကုန်များ၏ အချိုးအစားကိုတိုးမြှင့်ရန်၊ အေးခဲထားသော ပုစွန်စိမ်းများအပေါ် မှီခိုမှုကို လျှော့ချရန်နှင့် EVFTA မှ ပေးအပ်သော အကောက်ခွန်ဦးစားပေးမှုများကို အမြင့်ဆုံးဖြစ်စေရန်ဖြစ်သည်ဟု ကျွမ်းကျင်သူများက အကြံပြုထားကြောင်း သိရသည်။

**Source : Vn Economy**

**DOCA (ရန်ကုန်)**

## တရုတ်နိုင်ငံသည် အွန်လိုင်းအစားအစာရောင်းချသည့်လုပ်ငန်းများအပေါ် စည်းမျဉ်းများတင်းကြပ်

တရုတ်နိုင်ငံသည် အွန်လိုင်းမှတစ်ဆင့်ပါဆယ်ရောင်းချသည့် စားသောက်ဆိုင်များအား ၎င်းတို့၏ဆိုင်ရှေ့တွင် ဖော်ပြထားသည့် စားသောက်ဆိုင်နာမည်အတိုင်း အသုံးပြုရန်နှင့် လုပ်ငန်းလည်ပတ်မှုအသေးစိတ်အချက်အလက်များကို ပိုမိုဖော်ပြရန် သတ်မှတ်လိုက်ကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် လိမ်လည်လှည့်ဖြားသောလုပ်ဆောင်မှုများနှင့် အစားအစာဘေးကင်းရေးအန္တရာယ်များကို ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် အလျင်အမြန်ကြီးထွားလာသော အစားအစာပို့ဆောင်ရေးကဏ္ဍကို တင်းကြပ်စွာကိုင်တွယ်သွားမည်ဖြစ် ကြောင်း သိရသည်။

State Administration for Market Regulation ဌာနမှ ထုတ်ပြန်ခဲ့သော စည်းမျဉ်းသစ်များသည် ဇွန်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ အဆိုပါစည်းမျဉ်းများအရ အွန်လိုင်းပလက်ဖောင်းများပေါ်တွင်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များ၏ အမည်များသည် ၎င်းတို့၏ မြေပြင်ဦဖွင့်လှစ်ထားသော အုတ်နှင့်အင်္ဂတေဆိုင်မျက်နှာစာများတွင် ဖော်ပြထားသည့်အမည်များနှင့် ကိုက်ညီနေရမည်ဖြစ်ကြောင်း သိရသည်။

စားသောက်ဆိုင်လုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းလိုင်စင်များ၊ ၎င်းတို့၏အဆောက်အဦတည်နေရာဓာတ်ပုံများနှင့် အမှန်တကယ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်လိပ်စာအပါအဝင် အဓိကအချက်အလက်များကို ၎င်းတို့၏အဓိကအွန်လိုင်းစာမျက်နှာတွင် ထင်ရှားစွာဖော်ပြထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းလိပ်စာအမှန်သည် အွန်လိုင်းအော်ပရေတာ၏ အစားအသောက်ဝန်ဆောင်မှုကဏ္ဍတွင် ဖော်ပြထားသော တည်နေရာနှင့် ကိုက်ညီရမည်ဟု စည်းမျဉ်းများတွင်ပြဋ္ဌာန်းထားကြောင်း၊ ကုန်သည်များသည် အစားအသောက်များ၏ပါဝင်ပစ္စည်းများ၊ အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနှင့် စံလည်ပတ်မှုလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သည့် လိုအပ်ချက်များကို တင်းကြပ်စွာလိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သတ်မှတ်ထားသောဧရိယာပြင်ပတွင် အစားအစာများပြင်ဆင်ချက်ပြုတ်ခြင်း (သို့မဟုတ်) ပြင်ပအဖွဲ့အစည်းများမှ အစားအသောက်များရောင်းချခြင်းကို တားမြစ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ရောင်းချသူအချို့ကို တရားဝင်မဟုတ်သော(သို့မဟုတ်)စည်းမျဉ်းစည်းကမ်းဆိုင်ရာ စစ်ဆေးမှုထက်ကျော်လွန်၍ လုပ်ကိုင်နိုင်စေခဲ့သော အားနည်းချက်များကို ပိတ်ပင်ရန် ရည်ရွယ်သည့် ခြေလှမ်းတစ်ခုဖြစ် ကြောင်း သိရသည်။

ယခုစည်းမျဉ်းများသည် သရဲမီးဖိုချောင်များဖြစ်သည့် အစားအစာပို့ဆောင်မှုမှတစ်ဆင့်သာ လုပ်ငန်းလည်ပတ်ပြီး ဆိုင်ထိုင်စားခြင်းဝန်ဆောင်မှုများ မပေးသောဆိုင်များအတွက် မဖြစ်မနေတံဆိပ်ကပ်ရမည်ဟု သတ်မှတ်ထားကြောင်း၊ ဖောက်သည်များအတွက် ဆိုင်ထိုင်စားရန်နေရာမရှိဘဲ ပို့ဆောင်ရန်အတွက်သာ အစားအသောက်များချက်ပြုတ်ရောင်းချသော အရည်အချင်းမပြည့်မီသည့် စားသောက်ဆိုင်များကို သရဲမီးဖိုချောင်များဟုခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများသည် ၎င်းတို့၏အဓိကအွန်လိုင်းစာမျက်နှာတွင် "ဆိုင်၌ထိုင်၍ စားသောက်၍မရ" ဟူသောအမှတ်အသားကိုထင်ရှားစွာဖော်ပြရမည်ဖြစ်ပြီး အစားအသောက်ပို့ဆောင်သည့် ပလက်ဖောင်းများအနေဖြင့် ၎င်းတို့၏ စားသောက်ဆိုင် စာရင်းစာမျက်နှာများတွင်လည်း အလားတူတံဆိပ်ကို ဖော်ပြရန်လိုအပ်ကြောင်း SAMR က ချမှတ်ထားသည်ဟု သိရသည်။

SAMR မှ အစားအသောက်ဘေးကင်းရေးဒါရိုက်တာ Sun Huichuan က စားသုံးသူများကို ယုံကြည်စိတ်ချစေရန် အဓိကသော့ချက်မှာ"သင်မှာယူသည့်အရာသည်သင်ရရှိသည့်အရာဖြစ်သည်"ကိုသေချာစေရန်ဖြစ်သည်ဟုပြောကြားခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တရုတ်နိုင်ငံတွင် ပလက်ဖောင်းအော်ပရေတာများနှင့် အွန်လိုင်းအစားအသောက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအတွက် အဓိကရှုထောင့်သုံးရပ်ဖြစ်သည့် စီးပွားရေးအမှတ်အသား၊ လုပ်ငန်းလည်ပတ်မှုပုံစံနှင့် အစားအသောက်ပြင်ဆင်ချက်ပြုတ်သည့် လုပ်ထုံးလုပ်နည်းများအလိုက် ရှင်းလင်းသော သတင်းအချက်အလက်ထုတ်ဖော်မှုတာဝန်ဝတ္တရားများကို ချမှတ်ထားသည်ဟု Sun က ပြောကြားခဲ့ကြောင်း သိရသည်။

Source: https://www.chinadaily.com.cn/a/202602/28/WS69a24abea310d6866eb3ab58.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

# STOCK EXCHANGE (10.3.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 10th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,419 (Shares) | 58,034,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +1,000 | +9.52% | 11,000 | 11,500 | 11,000 | 842 | 9,540,000 | 33,109,694 | 380,762 |
| MTSH | 00002 | 6,300 | +300 | +5.00% | 6,000 | 6,300 | 6,000 | 1,806 | 11,157,000 | 38,929,150 | 245,254 |
| MCB | 00003 | 8,600 | +100 | +1.18% | 8,400 | 8,600 | 8,400 | 527 | 4,526,700 | 10,400,986 | 89,449 |
| FPB | 00004 | 3,500 | +50 | +1.45% | 3,450 | 3,500 | 3,450 | 7,525 | 26,335,200 | 29,664,613 | 103,826 |
| TMH | 00005 | 3,350 | +200 | +6.35% | 3,200 | 3,350 | 3,100 | 50 | 158,750 | 12,823,224 | 42,958 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 1,664 | 2,753,800 | 19,977,223 | 33,961 |
| AMATA | 00007 | 4,100 | +100 | +2.50% | 4,000 | 4,100 | 4,000 | 109 | 441,000 | 10,497,598 | 43,040 |
| MAEX | 00008 | 3,500 | +50 | +1.45% | 3,400 | 3,500 | 3,400 | 896 | 3,122,200 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 10th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 542.14 | +28.17 | +5.48% | 521.91 | 542.14 | 521.91 | 13,419 | 58,034,650 | 8 | 1,022,567 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 17,045 (Shares) | 68,833,300 (MMK) |

### Main Board

As of 1:00 pm, 10th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,419 (Shares) | 58,034,650 (MMK) |

| MYANPIX | 542.14 ▲ 28.17 |
|---|---|
| Total Volume (shares) | 13,419 |
| Total Value (MMK) | 58 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,022,567 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 1,000 |
| MTSH | 00002 | 6,300 | ▲ 300 |
| MCB | 00003 | 8,600 | ▲ 100 |
| FPB | 00004 | 3,500 | ▲ 50 |
| TMH | 00005 | 3,350 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,500 | ▲ 50 |